# Second Sunday of Easter - Year A

## ပါစကားကာလဒုတိယတနင်္ဂနွေနေ့။

**ပထမကျမ်း။**

**"ယုံကြည်သောသူအပေါင်းတို့သည် တစုတရုံးတည်းနေကြသဖြင့် မိမိတို့၌ရှိသမျှကို စုပေါင်းသုံးဆောင်ကြ၏"**

*တမန်တော်ဝတ္ထုကျမ်း- ၂။ (၄၂-၄၇)။*

ဤသူများတို့သည် တမန်တော်တို့၏ဆုံးမသြဝါဒကိုခံရခြင်း၊ အသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ဆုတောင်းပဋ္ဌနာပြုခြင်း၊ တို့ကိုဆောင်ရွက်၍နေကြ၏။ လူအပေါင်းတို့သည်ကြောက်လန့်ခြင်းရှိသည်ဖြစ်၍ တမန်တော်တို့သည်များစွာသော နမိတ်လက္ခဏာနှင့် အံ့ဖွယ်တန်ခိုးများကိုပြုကြ၏။ ယုံကြည်သောသူ အပေါင်းတို့သည် တစည်းတလုံးတည်းနေကြ၍၊ မိမိတို့၌ ရှိသမျှကိုစုပေါင်းသုံးဆောင်ကြ၏။ မိမိတို့၏ ဥစ္စာပစ္စည်းများကိုရောင်းပြီးလျှင် လိုအပ်သည့်အလျောက်အချင်းချင်းခွဲဝေကြ၏။ သူတို့သည်ဗိမာန်တော်၌ နေ့စဉ်တလုံးတစည်းတည်းရှိကြ၍ မုန့်ဖဲ့ရန်အတွက် မိမိတို့၏အိမ်များတွင်ဆုံကြ၏။ ရွှင်လန်းဝမ်းမြောက်သောစိတ်၊ ရိုးသားသောစိတ်အစာအဟာရကို သုံးဆောင်ကြ၏။ ဘုရားသခင် ကိုလည်းချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့်လန်းခြင်းအခွင့်ကိုရကြ၏။ ကယ်တင်ခြင်းသို့ ရောက်မည့်သူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် တိုးပွားစေတော်မူ၏။

*ဤသည်ကား ဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်းကျူးခြင်း။**

ဆာလံ–၁၁၇။

သံပြိုင်။ ။ သခင်ဘုရားသည်ကောင်းမြတ်တော်မူ၍ ကိုယ်တော်၏ကရုဏာတော်သည် ကာလအဆက်ဆက် တည်တော်မူသောကြောင့် ကိုယ်တော်အားချီးကျူးကြလော့။

(သို့မဟုတ်)

အာလေလူယား။

၁ သခင်ဘုရားသည် ကောင်းမြတ်တော်မူ၍ကိုယ်တော်၏ကရုဏာတော်သည် ကာလအဆက်ဆက် တည်တော်မူ၏ဟု အစ္စရေးလူမျိုးသည်ယခုပြောဆိုပါစေ။ ကိုယ်တော်၏ကရုဏာတော်သည် ကာလအဆက် ဆက် တည်တော်မူ၏ဟု အာရုန်၏အမျိုးအနွယ်သည် ယခုပြောဆိုပါစေ။ ကိုယ်တော်၏ ကရုဏာတော်သည် ကာလအဆက်ဆက်တည်တော်မူ၏ဟု သခင်ဘုရားအား ကြောက်ရွံ့ရှိသေသူ အပေါင်းတို့သည် ယခု ပြောဆိုကြပါစေ။ (သံပြိုင်)

၂ ကျွန်ုပ်အားလဲကျစေရန်တွန်းကြ၏။ သို့သော်သခင်ဘုရားသည် ကျွန်ုပ်အားကူညီတော်မူ၏။ သခင်ဘုရားသည် ကျွန်ုပ်၏ခွန်အားသတ္တိဖြစ်၍ ကျွန်ုပ်အတွက်ဂုဏ်ယူစရာဖြစ်တော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်ကယ်တင်ခြင်း၏အကြောင်းဖြစ်တော်မူ၏။ ဖြောင့်မတ်သောသူတို့၏ နေရာဌာန၌ ဝမ်းမြောက် ပျော်ရွှင်သောအသံ၊ ကယ်တင်ခြင်း၏အသံကြားရ၏။ (သံပြိုင်)

၃ တိုက်ကိုဆောက်သောသူတို့ပယ်ထားသောကျောက်၊ ဤကျောက်သည် ထောင့်ချုပ်ကျောက် ဖြစ်လာ လေပြီ။ ထိုအမှုသည် သခင်ဘုရားပြုသောအမှုဖြစ်၍ ကျွန်ုပ်တို့၏မျက်မှောက်၌ အံ့ဩဖွယ်ရာ ဖြစ်ပေ၏။ သခင်ဘုရား စီရင်တော်မူသော ဤနေ့ရက်၌ ဝမ်းမြောက်ရွှင်လန်းမြူးတူးကြစို့။ (သံပြိုင်)

ဒုတိယကျမ်း။

## “ယေရှုသခင်သေသူတို့အစုမှ ရှင်ပြန်ထမြောက်တော်မူခြင်းအားဖြင့် အသက်သစ်ကိုပေးတော်မူ၍ မျှော်လင့်ခြင်းကိုပေးတော်မူ သည်။”

*မှန်မြတ်သောတပည့်တော်ကြီး သံပေတရုရေးသောစာ ပထမစောင်။ (၁၊ ၃မှ၉ အထိ)*

ကျွန်ုပ်တို့သခင်ယေရှုခရစ်တော်၏ အဖခမည်းတော်ဘုရားသည် မင်္ဂလာရှိတော်မူ၏။ ကိုယ်တော်သည်မိမိ၏ သနားကရုဏာတော်ဖြင့်သားတော်ယေရှုခရစ်တော်ကို သေသူတို့အစုမှရှင်ပြန်ထမြောက်စေတော်မူပြီး၊ ကျွန်ုပ်တို့အား အသက်သစ်ကိုပေးတော်မူ၍ ကောင်းကင်နိုင်ငံတော်၌ သင်တို့အဖို့ပြင်ဆင်ထားလျက်ရှိသော ညှိုးနွမ်းမေးမှိန်ခြင်းမရှိ၊ ပျက်စီးယိုယွင်းခြင်းကင်းသော အမွေတော်ကိုရရန်မျှော်လင့်ခွင့်ကိုပေးတော်မူသည်။ ယုံကြည်သူတို့အဖို့ ပြင်ဆင်ထားလျက်ရှိသော ထိုကယ်တင်ခြင်းချမ်းသာကိုထင်ရှားစေမည့် နောက်ဆုံးသောအချိန်ကာလတိုင်အောင် ဘုရားသခင်သည် မိမိတန်ခိုးတော်ဖြင့်သင်တို့ကို စောင့်ရှောက်တော်မူလိမ့်မည်။ သင်တို့သည်နှောင့်ယှက်ခြင်း အမျိုးမျိုးနှင့် စုံစမ်းခြင်းကို ခံကြရသဖြင့် အခိုက်အတန့်မျှဝမ်းနည်းကြေကွဲရသော်လည်း၊ ထိုမျှော်လင့်ခြင်း ကျေးဇူးတော်ဖြင့် ဝမ်းမြောက်ရွှင်လန်းကြလိမ့်မည်။ ယေရှုသခင်ထင်ရှားကြွလာတော်မူသောအခါ၌ ရွှေကိုမီးတွင်ကြို၍ အရေစစ်အရေမှန်ဖြစ်သည်ထက်၊ စုံစမ်းခံရသဖြင့်သာ၍စစ်မှန်မြင့်မြတ်သော သင်တို့၏ယုံကြည်ခြင်းဖြင့် သင့်တို့သည်ချီးမွမ်း ထောမနာပြုခြင်း၊ ဂုဏ်ပြုခြင်းကိုခံကြရမည်။ သင်တို့သည်ယေရှုခရစ်တော်ကိုမမြင်ဖူးကြသော်လည်း၊ ကိုယ်တော်ကိုချစ်ကြသည်။ ကိုယ်တော်ကိုမမြင်ဘဲနှင့်ယုံကြည်ကြသဖြင့် နှုတ်အားဖြင့်မြွက်၍မပြနိုင်၊ မြင့်မြတ်လှသော ပျော်ရွှင်ခြင်းဖြင့် ပျော်ရွှင်ကြရသည်။ သင်တို့ယုံကြည်ခြင်း၏ အကျိုးသည်သင်တို့ဝိညာဉ်ကယ်တင်ခြင်း, ချမ်းသာရခြင်းပင် ဖြစ်သည်။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***

အာလေလုယား။ (ယောဟန်- ၂၀၊၂၉)

အာလေလုယား၊ အိုသောမ၊ သင်သည်ငါ့ကိုမြင်သောကြောင့်ယုံကြည်၏။ မမြင်ဘဲနှင့်ယုံကြည်သောသူတို့သည် မင်္ဂလာရှိကြ၏ဟုသခင်ဘုရားမိန့်တော်မူသည်။ အာလေလုယား။

**ဧဝံဂေလိကျမ်း။**

## "ရှစ်ရက်လွန်လျှင်ယေရှုသည်လာတော်မူ၏။"

*ယောဟန်ရေးထားသောသန့်ရှင်းသောဧဝံဂေလိကျမ်း။ (၂၀၊ ၁၉မှ၃၁ )*

ခုနှစ်ရက်တွင်ပထမဖြစ်သောနေ့၌၊ ညနေအချိန်ရောက်သောအခါ ယုဒလူတို့ကို ကြောက်သောကြောင့် တပည့်တော်တို့သည်၊ စုဝေးကြသောနေရာအရပ်၌တံခါးများပိတ်ထားလျက်ရှိစဉ်တွင်ယေရှုသည် လာတော်မူ၍ သူတို့အလယ်၌ရပ်တော်မူလျက် သင်တို့အားငြိမ်သက်ခြင်းရှိစေသတည်းဟု သူတို့အားမိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူပြီးမှ သူတို့အားလက်တော်များနှင့် နံဘေးတော်ကို ပြတော်မူ၏။ တပည့်တော်တို့သည်လည်း သခင်ဘုရားကိုမြင်ရသဖြင့် ဝမ်းမြောက်ခြင်းရှိကြလေ၏။ တစ်ဖန်သူတို့အား ကိုယ်တော် မိန့်တော်မူသည်ကား သင်တို့အား ငြိမ်သက်ခြင်းရှိစေသတည်း။ ခမည်းတော်သည်ငါ့ကိုစေလွှတ်သကဲ့သို့ ငါသည်လည်းသင်တို့ကို စေလွှတ်၏။ ထိုသို့ မိန့်တော်မူပြီးမှ သူတို့အပေါ်၌မှုတ်တော်မူလျက် သူတို့အားမိန့်တော်မူသည်ကား၊ သန့်ရှင်းသောဝိညာဉ်တော်မြတ် ကိုခံယူကြလော့။ အကြင်သူ၏အပြစ်များကို သင်တို့လွှတ်လျှင် ထိုသူတို့သည်အပြစ်လွှတ်လျက်ရှိ၏။ အကြင်သူ၏ အပြစ်များကို တည်စေလျှင်တည်လျက်ရှိ၏။ တစ်ကျိပ်နှစ်ပါးတို့တွင် ဒိဒိမုဟုခေါ်သော သောမမူကား ယေရှုလာတော်မူသောအခါ သူတို့နှင့် အတူမရှိ။ အခြားသောတပည့်တော်တို့ကလည်း သခင်ကိုငါတို့မြင်ရပြီဟု သူ့အားဆိုကြ၏။ သူမူကားလက်တော်၌သံရာချက်ကို မမြင်ရလျှင်၊ သံရိုက်ရာချက်ထဲ၌လည်း ကျွန်ုပ်လက်ညှိုးကို မသွင်းရလျှင်၊ ကျွန်ုပ်မယုံဟုသူတို့အားဆို၏။ ရှစ်ရက်လွန်လျှင်၊ တပည့်တော်တို့သည်တစ်ဖန်အထဲ၌ရှိကြ၏။ သောမသည်လည်း ထိုသူတို့နှင့်အတူရှိသောအခါ၊ တံခါးပိတ်ထားလျက်ရှိစဉ်တွင် ယေရှုသည်လာတော်မူ၍ သူတို့၏အလယ်၌ ရပ်လျက်သင်တို့အား ငြိမ်သက်ခြင်း ရှိစေသတည်းဟုမိန့်တော်မူ၏။ ထိုနောက်သောမအား သင်၏လက်ညှိုးကိုသည်မှာ သွင်း၍ ငါ၏လက်ကိုကြည့်လော့။ သင်၏လက်ကိုဆန့်၍ငါ၏နံဘေး၌သွင်းလော့၊ ယုံမှားခြင်းမရှိလိုနှင့်။ ယုံကြည်လော့ဟုမိန့်တော်မူ၏။ သောမက ကျွန်ုပ်၏သခင်ကျွန်ုပ်၏ဘုရားဟုပြန်ပြော၍ ကိုယ်တော်အားလျှောက်၏။ ယေရှုက၊ အို သောမ၊ သင်သည် ငါ့ကိုမြင်ရသောကြောင့် ယုံကြည်ပြီ၊ မမြင်ရဘဲနှင့် ယုံကြည်သောသူတို့သည် မင်္ဂလာရှိ၏ဟုသူ့အားမိန့်တော်မူ၏။ ဤစာစောင်၌ရေး၍ မထားသော များစွာသော အခြားတန်ခိုးလက္ခဏာကိုလည်း ယေရှုသည်တပည့်တော်တို့မျက်မှောက်၌ ပြတော်မူ၏။ သို့ရာတွင် ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ကို သင်တို့သည်ယုံကြည်မည့်အကြောင်းလည်းကောင်း၊ ယုံကြည်၍ ကိုယ်တော်၏ နာမတော်၌ အသက်ကိုရမည့်အကြောင်း လည်းကောင်း၊ ဤအရာများသည်ရေးထားလျက်ရှိသတည်း။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*